
ညမွှေးပန်း ၏ ရာဇဝင်
စာရေးသူ - မိုးစွေ

# "ညမွှေးပန်း၏ ရာဇဝင်"

အင်းယားလမ်းမှာ ဆိုင်ကယ်လေးတစ်စီး အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်လျက်ရှိသည် ၊ ဆိုင်ကယ်အရှေ့မှ လူငယ်လေး တစ်ယောက်က မောင်းနှင်နေပြီး ဆိုင်ကယ် အနောက်တွင် မူ မိန်းမချောလေး တစ်ဦးက လူငယ်လေးရဲ့ ခါးကို တင်းတင်း ဖက်ထားရင်း အနောက်မှ ....

"ကို ... ကိုနဲ့ တစ်နေ့တစ်နေ့ လည်နေတာနဲ့ ချစ်တော့ အတန်းထဲမှာ စာတွေတောင် မလိုက်နိုင်တော့ဘူး... ဟီးဟီး အိမ်က မေမေတို့ သိရင်တော့ ဆဲမှာ ပဲ သူ့သမီး တက္ကသိုလ် ကောင်းကောင်း မှာ တက်ပါစေဆိုပြီး ရန်ကုန်မြို့ကြီးမှာ အဆောင် ကောင်းကောင်း ထားပေးထားတာ သမီးက ချစ်သူနဲ့ ပျော်ပွဲဝင်နေတာ"

"ဘာလဲချစ်က ကိုနဲ့ လျှောက်လည် ရတာကို မပျော်ဘူးလားပြော"

"ပျော်တာပေ့ါ ကိုကလည်း ဘယ်လို ပြောလိုက်တာလဲ ဒီကချစ်လွန်းလို့ ကို့ရင်ခွင်ထဲမှာ တစ်ဘဝလုံး မျက်စိမှိတ် ပုံအပ်ထားတာပါနော် "

ကောင်မလေး စကားအဆုံးတွင် ကောင်လေးမှ ... ကောင်မလေး အဆောင်ရှေ့တွင် ညတိုင်း သီဆိုပြလေ့ရှိသည့် ထိုအချိန်က ခေတ်စားနေသော ညမွှေးပန်း သီချင်းလေးကို အော်ညည်း လိုက်လေသည် ၊ ကောင်မလေးက ကောင်လေးရဲ့ သီချင်းသံကို ဆိုင်ကယ် လေတိုက်သံတွေကြားက ကွဲကွဲပြားပြား ကြားနိုင်ရန် အတွက် ချစ်သူကောင်လေး၏

ကျောနားသို့ သူ့နားလေး ကပ်ထားလိုက်ရင်း

"ကို ဒီသီချင်းလေး ဆိုပြတာ အရမ်း ကြိုက်တာပဲ...၊ ဒီသီချင်းကို တခြား ဘယ်သူ့အတွက်မှ မဆိုပြရဘူးနော် ချစ် တစ်ယောက်တည်း အတွက်ပဲ တစ်သက်လုံး မူပိုင်ယူထားမယ်၊ အဆောင်ရှေ့မှာ ကို ဂီတာလေးနဲ့ လာဆိုတာတောင် ချစ်က သိပ်မကြိုက်ဘူး သဝန်တိုတယ် ... ဘေးခန်းက ကောင်မလေးတွေက ကို့ကို ငမ်းနေကြတာ တို့ ကိုကိုက အရမ်းချော ... အသံကလည်းကောင်း... ခွဲကလည်း ခွဲတတ်၊ စကားကလည်း တတ်တော့ စိတ်မချနိုင်ဘူး... ချစ်တယ်ကိုရယ်..."

ကောင်လေး မျက်နှာမှာ တော့ ကြည်နူးပုံရိပ်လေး သန်းသွားပြီး တော့ သီချင်းလေးကို ပိုကျယ်ကျယ်လေး ဆိုလိုက်မိတယ်။

"ညတုန်းက တွေ့ရတဲ့ ကောင်မလေး တစ်ယောက် ပျောက်သွားလို့ လိုက်ရှာနေတယ်....၊ ညမွှေးပန်းကလေးရယ်လေ... "

သီချင်းဆိုနေရင်း အနောက်က ချစ်သူကောင်မလေးရဲ့ ဆံနွယ်တွေ လေထဲမှာ ဝဲပျံ့နေတာကို ကြည်နူးမိပြီး အနောက်ကို တစ်ချက် လှည့်ကြည့်နေတုန်း အနောက်က ကောင်မလေးက အလန့်တကြား အမူအရာနဲ့ ထအော်လိုက်တယ်...။

"ကို ... ရှေ့မှာ ကား..."

"ဝုန်း ... ကျွီ..."

"အား...."

အရာရာ အမှောင်အတိ ကျသွားလေတော့သည် ။

***